## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်(၁ /၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက်

( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

**ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ် အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၇၁ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်ကြော်ငြာစာတွင်ပါရှိသော "နိုင်ငံခြားသား" ဟူသည့်စကားရပ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည် -

(က) တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (င) ၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူမဟုတ်သောသူ၊

(ခ) အဖွဲ့အစည်းဖြစ်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် နိုင်ငံတော်ပြင်ပတွင် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အပါအဝင် အခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်။

၂။ ရန်ကုန်စတော့အိပ်ချိန်းသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာများကို နိုင်ငံခြားသားများ စတင်ရောင်းဝယ်နိုင်မည့် နေ့ရက်အား သတ်မှတ်ကြေညာပေးရမည်။

(ခ) နိုင်ငံခြားသားများ ပါဝင်ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရန်အတွက် လိုအပ်သောလုပ်ငန်းစည်းမျဉ်းများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ကြိုတင်ရယူ၍ ထုတ်ပြန်ရမည်။

(ဂ) အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ရာတွင် အစုရှယ်ယာ တစ်မျိုးတစ်စားတည်းထားရှိဆောင်ရွက်ရမည်။

(ဃ) စာရင်းဝင်ကုမ္ပဏီအသီးသီးက ကော်မရှင်သို့ တင်ပြထားသည့် နိုင်ငံခြားပိုင်ဆိုင်မှုကို လက်ခံခွင့်ပြုမည့် ရာခိုင်နှုန်းအတွင်းသာ အရောင်းအဝယ်ဆောင်ရွက်ရမည်။

(င) စာရင်းဝင်ကုမ္ပဏီများ၏ နိုင်ငံခြားပိုင်ဆိုင်မှုကို တွက်ချက်သည့်အခါ ရန်ကုန်စတော့အိပ်ချိန်းတွင် အရောင်းအဝယ်ပြီးမြောက်၍ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင် အစုရှယ်ယာများ မှတ်တမ်းတင်သည့်အချိန်၌ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ၎င်းဝယ်ယူထားသည့် တိုက်ရိုက်အစုရှယ်ယာပိုင်ဆိုင်မှုကိုသာ နိုင်ငံခြားပိုင်ဆိုင်မှုဟု သတ်မှတ်၍ တွက်ချက်ရမည်။

၃။ ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများသည် နေ့စဉ်အစုရှယ်ယာများ ရောင်းဝယ်ရာတွင် နိုင်ငံခြားသားများ ပါဝင်ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိမိတို့ကုမ္ပဏီတွင် နိုင်ငံခြားပိုင်ဆိုင်မှုကို မည်သည့်ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြုမည်ကို ရန်ကုန်စတော့အိပ်ချိန်းသို့ ကြိုတင်တင်ပြရမည်။

(ခ) ထိုသို့တင်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းကြီးကြပ်သည့် အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည်။

၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် နိုင်ငံခြားသားများ ပါဝင်ရောင်းဝယ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ခြင်းနှင့် အရောင်းအဝယ်ဆောင်ရွက်ခြင်းတို့အတွက် ကော်မရှင်မှထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ကော်မရှင်သည် ဤအမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်မည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

စာအမှတ်၊ ကော်မရှင်/ဈေးကွက်ကြီးကြပ်/၁၁၂၅ /၂၀၁၉

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ ၊ ၁၂ ရက်

ဖြန့်ဝေခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

ရန်ကုန်စတော့အိပ်ချိန်း

စာရင်းဝင်ကုမ္ပဏီများ

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ